# ရည်ညွှန်းစကား

ဤစာအုပ်သည် ဇာတ်ကောင်ကဗျာဆရာ၊ သူ့ဇနီးနှင့် သူ့သမီးတို့ အပြင် ကမ္ဘာ့ ဘယ်နေရာ ဘယ်ဒေသ၌မဆို ခရစ်တော်ဂိုဏ်းဆပ်အား ယုံကြည်ကိုးကွယ်မှုကြောင့် အမြဲတစေ လိုက်လံနှောင့်ယှက်ခြင်း၊ သို့တည်းမဟုတ် နှိပ်ကွပ်ခြင်းတို့နှင့် ရင်ဆိုင်နေရသော၊ ရင်ဆိုင်ဖူးသော ခရစ်ယာန်ဘာသာဝင်များအားလုံးကို ရည်ညွှန်းပါသည်။ အားလုံးအတွက် တန်းတူညီမျှသည့် တရားမျှတမှုရှိသည်ဆိုသော ရှေးအဆုံးအမ သဘာဝနိယာမကိုလည်း ရည်ညွှန်း၏။ ဖိနှိပ်ချုပ်ခြယ်တတ်သော အစိုးရများ ရေးဆွဲထားသည့် ''ဘုရားသခင်အပေါ် ပြစ်မှားစော်ကားခြင်း ဥပဒေ''ဆိုသော အရာကြီး ထာဝရပျောက်ကွယ်သွားပြီး လူသားအားလုံးတွင် သူတို့စိတ်ကြိုက် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့် ရှိလာမည့်နေ့၊ တစ်နည်းအားဖြင့် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးတစ်ယောက်ချင်းစီတိုင်းတွင် သူတို့ရွေးချယ်ထားသည့် ဘာသာတရားအပေါ် ဖိနှိပ်ချုပ်ခြယ်မှု၊ တားဆီးနှောင့်ယှက်မှုတို့ လုံးလုံးမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ခွင့် ရရှိလာမည့်နေ့ရက်ကို ကျွန်တော် တောင့်တနေမိသည်။

ဤစာအုပ်သည် အဖိနှိပ်ခံ ဒုက္ခသည်များ ပြန်လည်နေရာချထားရေးကိစ္စအတွက် တာဝန်ယူထားသည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မင်းကြီးရုံး (UNHCR) အတွင်း ခြစားမှုများ အားကောင်းနေခြင်းကို ဖော်ထုတ်ပေးကြရန်လည်း ရည်ညွှန်းသည်။ UNHCR အနေဖြင့် ရိုးသားမှုရှိပြီး လျှောက်ထားသူအားလုံးအပေါ် မျှမျှတတ တန်းတူသဘောထား ဆက်ဆံလာမည့်နေ့ရက်ကို ကျွန်တော် တောင့်တနေတုန်း။ ထိုအချိန်ရောက်လျှင် အဖိနှိပ်ခံတစ်ယောက်ချင်းစီသည် လွတ်လပ်စွာ အယူခံဝင်နိုင်သည့် အခွင့်အရေးနှင့်အတူ ဘက်လိုက်မှုကင်းသည့် စစ်ဆေးကြားနာမှုတစ်ရပ် ရရှိကြပေလိမ့်မည်။ လွတ်လပ်မှုကို လိုလားသော နိုင်ငံများသည်လည်း UNHCR အပေါ် အားထားမနေတော့ဘဲ အဖိနှိပ်ခံဒုက္ခသည်များ၏ အယူခံဝင်မှုများကို လွတ်လပ်စွာ ကြားနာစစ်ဆေးပြီး ထိုသူတို့အတွက် နိုင်ငံရေးအရ ခိုလှုံခွင့်ပေးကြပေလိမ့်သည်။

ဤစာအုပ်သည် ထိုအခြေအနေမျိုး ရောက်ရှိလာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ညွှန်းပါသည်။ ပြီးလျှင် ကမ္ဘာ့ ဘယ်နေရာ ဘယ်ဒေသ၌မဆို လူသားအားလုံးသည် ဖိနှိပ်ချုပ်ခြယ်ပြီး အဂတိလိုက်စားသည့် အစိုးရများ လက်အောက်မှ လွတ်ကင်းကာ လွတ်လပ်စွာ ရှင်သန်နေထိုင်ခွင့်နှင့် ထိုက်တန်သည့် လောကနိယာမတရားကိုလည်း ရည်ညွှန်းပါသည်။ ဤစာအုပ်ကို ဖတ်ရှုကြည့်ခြင်းဖြင့် သူ့ဘဝ၏ အချိန်အများစုကို ဒုက္ခမျိုးစုံနှင့် ရုန်းကန်ရှင်သန် ကြံ့ကြံ့ခံခဲ့သည့် ဇာတ်ကောင်ကဗျာဆရာ၏ ဘဝဇာတ်ကြောင်းကို ကွက်ကွက်ကွင်းကွင်း မြင်ယောင်လာပြီး ထိုအချက်ကြောင့် သူ့မိသားစုအတွက်သာမက နေ့စဉ် ရင်ဆိုင်နေရသည့် ဖိနှိပ်ချုပ်ခြယ်မှု အကြောက်တရားများမှ လွတ်ကင်းကာ အနာဂတ်တစ်ခု ပုံပေါ်လာရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်နေကြသည့် တခြားလူသားမြောက်များစွာတို့အတွက်လည်း အထောက်အပံ့ တစ်စုံတစ်ရာဖြစ်စေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကမ္ဘာ့နေရာဒေသအသီးသီးမှ အမျိုးသမီးများကို ရိုက်နှက်၍ အောက်ကျို့ခံစေခြင်း၊ သို့တည်းမဟုတ် တိရစ္ဆာန်များလို ရောင်းစားခြင်းတို့ မပြုလုပ်ဘဲ တန်းတူညီမျှ လေးလေးစားစား ဆက်ဆံထိုက်သည်ဆိုသော အဆိုပြုချက်အတွက် ဤစာအုပ်က အထောက်အကူပြုနိုင်ပါသည်။

ဤစာအုပ်သည် လူမှုအသိုင်းအဝိုင်းထဲမှ မတရားမှုများ၊ တစ်နည်းအားဖြင့် ကျွန်ပြုမှုအပေါ် သောင်းသောင်းညံညံ ကန့်ကွက်နေသံများနှင့် လူသားအားလုံးတွင် တန်းတူညီမျှ အခွင့်အရေးများ ရရှိလာရေးအတွက် တောင်းဆိုနေကြပုံများကို အများပြည်သူ နားလည်သဘောပေါက်လာစေရန် ရည်ရွယ်ပါသည်။ ဇာတ်ကောင်ကဗျာဆရာသည် ဤသို့သော လူမှုတရားမျှတမှုများ ရရှိရေးအတွက် လိုအပ်ချက်များကို သူ့ဘဝနှင့် ရင်းပြီး မီးမောင်းထိုးပြထားပြီ ဖြစ်သည်။ သူ၏ ကြိုးပမ်းမှုများ အချည်းနှီး ဖြစ်မသွားပါစေနှင့်။

▲II